# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
# ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့
# ပြည်တွင်း၊ပြည်ပသတင်းဖလှယ်မှုဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်

နိဒါန်း

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉ အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် သတင်းပို့အဖွဲ့အစည်းများမှ ပေးပို့သော သတ်မှတ်ပမာဏလွှဲပြောင်းမှု သတင်းပို့ချက်များ၊ သံသယဖြစ်ဖွယ်လွှဲပြောင်းမှုသတင်းပို့ချက်များနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများနှင့် ဆက်နွှယ်သည့် အခြားသော သတင်းအချက်အလက်များကို လက်ခံခြင်း၊ စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်သော်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်နှင့်သော်လည်းကောင်း၊ ဆက်နွှယ်သည်ဟု သံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်း၊ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် သတင်းပို့အဖွဲ့အစည်းများ၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများနှင့် အခြားအစိုးရဌာန၊ အဖွဲ့အစည်းများက ရရှိထိန်းသိမ်းထားသည့် မည်သည့်သတင်းပို့ချက် သို့မဟုတ် အချက်အလက်များကိုမဆို ရယူသုံးစွဲခွင့်ရှိပါသည်။

၄။ သို့ပါ၍ ပြည်တွင်း၊ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဌာနအလိုက် ကိုင်တွယ်စုံစမ်းစစ်ဆေးရသည့် မှုခင်းများနှင့်ပတ်သက်၍ လိုအပ်သည့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးသတင်းအချက်အလက်များရှိပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ တောင်းခံနိုင်ပါသည်။ ထို့အပြင် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသောလက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များရှိပါကလည်း ပေးပို့နိုင်ပါသည်-

အဖွဲ့ခေါင်းဆောင်
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
ရုံးအမှတ် (၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနရုံး
ရာဇဌာနီလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
တယ်လီဖုန်း၊ +၉၅ (၆၇) ၃၄၁၂၆၉၅
Email: relation@myanmarfiu.com
Website: myanmarfiu.gov.mm

**ပြည်တွင်းသတင်းဖလှယ်မှုများ**

၅။ ပြည်တွင်းတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၉ အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖြန့်ဝေသည့် စိစစ်တွေ့ရှိချက် ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် ပတ်သက်သည့် ထပ်မံလိုအပ်သည့် သတင်းအချက်အလက်များနှင့် မိမိတို့ဌာနအလိုက် ကိုင်တွယ်စုံစမ်းစစ်ဆေးရသည့် မှုခင်းများနှင့် ပတ်သက်၍ လိုအပ်သည့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး သတင်းအချက်အလက်များ ရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ တောင်းခံနိုင်သည်။ **နောက်ဆက်တွဲ(က)**

**ပြည်ပနိုင်ငံများသို့ တောင်းခံခြင်း**

၆။ မိမိတို့ဌာနအလိုက် ကိုင်တွယ်စုံစမ်းစစ်ဆေးရသည့် မှုခင်းများနှင့်ပတ်သက်၍ နိုင်ငံဖြတ်ကျော် သဘောသဘာဝရှိသည့် မှုခင်းများတွင် အခြားနိုင်ငံများမှ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး သတင်းအချက်အလက်များ ရရှိရန်လိုအပ်သည့်အပြင် အဆိုပါနိုင်ငံတွင် မိမိ၏ မိတ်ဖက်အဖွဲ့အစည်းများ မရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှတစ်ဆင့် တောင်းခံနိုင်သည်။ ထိုကဲ့သို့ တောင်းခံရာတွင် သတ်မှတ်ပုံစံတွင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် ပြုစုပေးပို့ တောင်းခံရမည်။ **နောက်ဆက်တွဲ(ခ)**

**ပြည်ပနိုင်ငံများမှ သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် တောင်းခံခြင်း**

၇။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး သတင်းအချက်အလက်များဖလှယ်ရန် မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် နိုင်ငံများမှ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့များသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသောလက်နက်များပြန့်ပွားရေးကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့်သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် တောင်းခံခြင်းကို တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၈။ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Paicfic Group on Money Laundering-APG) အဖွဲ့ဝင်နိုင်ငံများမှ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့များသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း နှင့် တောင်းခံခြင်း ကို APG မှ တစ်ဆင့် ဆက်သွယ်၍ ဆောင်ရွက်နိုင်သည်။

၉။ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားမှုမရှိသည့်အပြင် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia Paicfic Group on Money Laundering-APG) တွင်လည်း အဖွဲ့ဝင်နိုင်ငံမဖြစ်သော်လည်း မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ဝင်ရောက်ထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ခြင်း တိုက်ဖျက်ရေးကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ဗီယင်နာကွန်ဗင်းရှင်း)၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (ပါလာမိုကွန်ဗင်းရှင်း)၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (UNCAC)နှင့် ၁၉၉၉ ခုနှစ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တို့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည့် နိုင်ငံများမှ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် တောင်းခံခြင်း ဆောင်ရွက်နိုင်သည်။

၁၀။ သတင်းအချက်အလက်များ တောင်းခံခြင်းနှင့် ဖြန့်ဝေခြင်းဆောင်ရွက်ရာတွင် Egmont Group of FIUs မှ သတ်မှတ်ထားသည့်ပုံစံကို အသုံးပြု၍ ဆောင်ရွက်နိုင်သည်။ Egmont Group of FIUs တွင် အဖွဲ့ဝင်နိုင်ငံမဖြစ်ပါက မိမိနိုင်ငံအလိုက်သတ်မှတ်ထားသည့်ပုံစံကို အသုံးပြု ဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ တောင်းခံခြင်းနှင့် ဖြန့်ဝေခြင်းဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာဖြင့် ပေးပို့ဆောင်ရွက်ရမည်။

**လျှို့ဝှက်ချက်ထားရှိခြင်းနှင့် လုံခြုံမှုသတိပြုခြင်း**

၁၁။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖြန့်ဝေသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို လျှို့ဝှက်ထိန်းသိမ်းထားရမည်ဖြစ်ပြီး စုံစမ်းထောက်လှမ်းခြင်း လုပ်ငန်းစဉ်အတွက်သာ အသုံးပြုရမည်။

၁၂။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဖြန့်ဝေသည့် မည်သည့်သတင်းအချက်အလက်ကိုမဆို ခွင့်ပြုချက်မရရှိဘဲ ထပ်မံဖြန့်ဝေခြင်းမပြုလုပ်ရပါ။ ထပ်မံဖြန့်ဝေလိုပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပါသည်။

၁၃။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းအချက်အလက်များ တောင်းခံရာတွင် လုံခြုံမှုအဆင့်အတန်းနှင့် ဦးစားပေးအဆင့်အတန်း ထည့်သွင်းသတ်မှတ်ရမည်။

တုံ့ပြန်မှုပေးခြင်း

၁၄။ မြန်မာနိုင်ငံ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် ပြည်တွင်းတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့် ပြည်ပရှိ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များမှ သတင်းအချက်အလက် တောင်းခံခြင်းအား ပြန်ကြားခြင်းနှင့် သတင်းအချက်အလက်လက်ခံရရှိသည့် အဖွဲ့အစည်းများမှ သတင်းအချက်အလက်များ၏ အသုံးဝင်မှု၊ အရည်အသွေးရှိမှုတို့အပေါ် တုံ့ပြန်မှုပေးနိုင်ရန်အတွက် သတ်မှတ်ထားသည့်ပုံစံတွင် ဖြည့်စွက်၍ပေးပို့ရမည်။

**နောက်ဆက်တွဲ(ဂ)**

**နိဂုံး**

၁၅။ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသောလက်နက်များပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုတို့ကို တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပသတင်းဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသည့် ပြည်တွင်း၊ပြည်ပသတင်းဖလှယ်မှုဆိုင်ရာ စံပြုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်လွယ်ကူစေရန် ရည်ရွယ်၍ ထုတ်ပြန်ခြင်းဖြစ်ပါသည်။

(signature)

အဖွဲ့ခေါင်းဆောင်

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

စာအမှတ်၊ ၄၁၂၃( ၁၉၅ )/ ၁၄-၀၂ / ဦး ၄

ရက် စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

**ဖြန့်ဝေခြင်း**

တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအားလုံး

ကြီးကြပ်ရေးအာဏာပိုင်များအားလုံး

**မိတ္တူကို**

လက်ခံစာတွဲ/မျှောစာတွဲ

ကန့်သတ်

နောက်ဆက်တွဲ(က)

__________ဝန်ကြီးဌာန

______________ဦးစီးဌာန/တပ်ဖွဲ့

စာအမှတ်၊______________

ရက်စွဲ၊________________

သို့

အဖွဲ့ခေါင်းဆောင်

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

အကြောင်းအရာ။ **ငွေကြေးဆိုင်ရာသတင်းအချက်အလက်များ တောင်းခံခြင်းကိစ္စ**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅ ပါ ပြစ်မှုဖြစ်သော ______________ နှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်းဆောင်ရွက်ရာတွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တွင် တည်ရှိသော သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများတွင်ရှိသော ငွေကြေးဆိုင်ရာသတင်းအချက်အလက်များ ရယူလိုပါသဖြင့် အကူအညီပေးပါရန် တောင်းခံအပ်ပါသည်-

(၁) အကူအညီတောင်းခံသည့်ကိစ္စနှင့် သက်ဆိုင်သည့် အမှုအကျဉ်းချုပ် နှင့် သဘောသဘာဝ______________________________

______________________________________

(၂) အရေးယူထားသည့် ဥပဒေနှင့် ပုဒ်မ____________________________

______________________________________

(မှတ်ချက်။ အမှုဖွင့်အရေးယူထားခြင်းမရှိသေးပါက စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် မည်သည့်အတွက်ကြောင့် ရယူလိုကြောင်း ဖော်ပြပေးရန်)

(၃) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ ____________________________

______________________________________

(၄) ဆောင်ရွက်ပေးရမည့်အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက အလျင်အမြန် ဆောင်ရွက်ရန်ဖော်ပြချက်) ____________________

______________________________________

(၅) မိမိသိရှိလိုသောပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ မှတ်ပုံတင်အမှတ်၊ နိုင်ငံကူးလက်မှတ်အမှတ်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ စသည်တို့ကို ပြည့်စုံစွာဖော်ပြပေးရန် ____________________

______________________________________

(မှတ်ချက်။ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စတွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား စုံစမ်း ပေးစေလိုသည့်ကိစ္စဖြစ်ပါက မိမိထံတွင်ရှိနှင့်ပြီးသော ဘဏ်စာရင်းအမှတ် သို့မဟုတ် အလားတူ အထောက်အထားများအား ဖြည့်စွက်ရန်)

(၆) လျှို့ဝှက်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကလျှို့ဝှက်ဆောင်ရွက်ရန်ဖော်ပြချက်______

________________________________________

(၇) အခြားလိုအပ်သောအချက်များဖော်ပြချက် ______________________

________________________________________

လက်မှတ်______________________

အမည် ______________________

ရာထူး/အဆင့်______________________

မှတ်ချက်။ **မဆိုင်သည့်စာသားကိုဖျက်ရန်။**

နောက်ဆက်တွဲ(ခ)

__________ဝန်ကြီးဌာန

______________ဦးစီးဌာန/တပ်ဖွဲ့

စာအမှတ်၊______________

ရက်စွဲ၊________________

သို့

အဖွဲ့ခေါင်းဆောင်

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

အကြောင်းအရာ။ **ပြည်ပနိုင်ငံ၏ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ တောင်းခံပေးနိုင်ပါရန်ကိစ္စ**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅ ပါ ပြစ်မှုဖြစ်သော ______________ နှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းခြင်းဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံ၏ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အကူအညီရယူရန် လိုအပ်ပါသောကြောင့် အကူအညီတောင်းခံပေးနိုင်ပါရန် အောက်ဖော်ပြပါအချက်များကို ဖော်ပြ၍ တောင်းခံအပ်ပါသည်-

(၁) အကူအညီတောင်းခံခြင်းခံရမည့် နိုင်ငံနှင့် ထိုနိုင်ငံ၏ အာဏာပိုင်အမည်၊ ရာထူး၊ ဌာန၊လိပ်စာ______________________________

______________________________

(၂) အကူအညီတောင်းခံသည့်ကိစ္စနှင့် သက်ဆိုင်သည့် အမှုအကျဉ်းချုပ်နှင့် သဘောသဘာဝ______________________________

______________________________

(၃) အရေးယူထားသည့် ဥပဒေနှင့် ပုဒ်မ______________________________

______________________________

(မှတ်ချက်။ အမှုဖွင့်အရေးယူထားခြင်းမရှိသေးပါက စုံစမ်းထောက်လှမ်းခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် မည်သည့်အတွက်ကြောင့် ရယူလိုကြောင်း ဖော်ပြပေးရန်)

(၄) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ______________________________

______________________________

(၅) ဆောင်ရွက်ပေးရမည့်အချိန်ကာလ (အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက အလျင်အမြန်ဆောင်ရွက်ရန်ဖော်ပြချက်)______________________________

______________________________

(၆) မိမိသိရှိလိုသောပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ မှတ်ပုံတင်အမှတ်၊ နိုင်ငံကူးလက်မှတ်အမှတ်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ စသည်တို့ကို ပြည့်စုံစွာဖော်ပြပေးရန် ______________________________

(မှတ်ချက်။ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စတွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအား စုံစမ်း ပေးစေလိုသည့်ကိစ္စဖြစ်ပါက မိမိထံတွင်ရှိနှင့်ပြီးသော ဘဏ်စာရင်းအမှတ် သို့မဟုတ် အလားတူ အထောက်အထားများအား ဖြည့်စွက်ရန်)

(၇) လျှို့ဝှက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက လျှို့ဝှက်ဆောင်ရွက်ရန်ဖော်ပြချက် ______________________________

(၈) အခြားလိုအပ်သောအချက်များဖော်ပြချက်______________________________

လက်မှတ်______________________

အမည် ______________________

ရာထူး/အဆင့်______________________

မှတ်ချက်။ မဆိုင်သည့်စာသားကိုဖျက်ရန်။

နောက်ဆက်တွဲ(ဂ)

## သတင်းအချက်အလက်တောင်းခံခြင်းအား ပြန်ကြားခြင်း(Feedback of Inforamtion Request)

## မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

၁။ မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သတင်းအချက်အလက်များ

(က) အမှတ်စဉ် __________

(ခ) နိုင်ငံ မြန်မာနိုင်ငံ

(ဂ) အဖွဲ့အစည်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

(ဃ) ဆက်သွယ်ဆောင်ရွက်သူအမည် ဒုတိယရဲမှူးကြီးxxxxxx

(င) ရာထူး၊ဌာန ဌာနခွဲမှူး၊xxxxxx ဌာနခွဲ

(စ) တယ်လီဖုန်း/ဖက်စ် +၉၅(၆၇)၃၄၃၂xxx

(ဆ) Email xxx@myanmarfiu.com

(ဇ) လိပ်စာ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနရုံး
ရာဇဌာနီလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

(ဈ) လက်မှတ် __________

(ည) ရက်စွဲ __________

(ဋ) အကြီးအကဲအမည် xxxxxxxx

(ဌ) ရာထူး/အဆင့် ရဲမှူးချုပ်၊ အဖွဲ့ခေါင်းဆောင်

(ဍ) လက်မှတ် __________

(ဎ) ရက်စွဲ __________

၂။ သတင်းအချက်အလက်တောင်းခံသည့်ဌာန၊ အဖွဲ့အစည်း၏ သတင်းအချက်အလက်များ

(က) အမှတ်စဉ်/စာအမှတ် __________

(ခ) နိုင်ငံ xxxxxxxနိုင်ငံ

(ဂ) အဖွဲ့အစည်း __________

(ဃ) တောင်းခံသူအမည် __________

(င) ရာထူး၊ဌာန __________

ကန့်သတ်

(စ) တယ်လီဖုန်း/ဖက်စ် ________________

(ဆ) Email ________________

(ဇ) အကြီးအကဲအမည် ________________

(ဈ) ရာထူး/အဆင့် ________________

(ည) တယ်လီဖုန်း/ဖက်စ် ________________

၃။ ရည်ညွှန်းချက်

(က) ၀၀-၀၀-၀၀၀၀ ရက်စွဲပါစာအမှတ်၊---------------------------------- ဖြင့် တောင်းခံခဲ့သည့် ကိစ္စရပ်အား မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ လက်ခံရရှိခဲ့ပါသည်။

(ခ) အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိခဲ့ရပါသည်---------

________________________________________

________________________________________

(ဂ) ရည်ညွှန်းပါစာဖြင့် တောင်းခံခဲ့သည့်စာပါသတင်းအချက်အလက်များအား စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းစဉ်အတွက် အခြားတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများထံသို့ ဖြန့်ဝေခွင့်ပြုနိုင်ပါရန် သဘောတူညီချက်တောင်းခံအပ်ပါသည်။

(ဃ) ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်အတွက်လည်း မျှော်လင့်ပါသည်။

(င) အထက်အပိုဒ်ခွဲ(ခ)ပါ သတင်းအချက်အလက်များအား ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့် ဆက်နွယ်သော စုံစမ်းစစ်ဆေးမှုများတွင် စုံစမ်း ထောက်လှမ်းခြင်းလုပ်ငန်းစဉ်အတွက်အသုံးပြုရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖြန့်ဝေခြင်း သို့မဟုတ် ထုတ်ဖော်ကြေညာခြင်းမပြုလုပ်ရန် မေတ္တာရပ်ခံအပ်ပါသည်။

ရက်စွဲ၊ ၀၀-၀၀-၀၀၀၀

သတင်းလက်ခံရရှိသည့် ဌာန၊အဖွဲ့အစည်း၊ ____________________

မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အစဉ်နံပတ်၊ ____________________

## မြန်မာနိုင်ငံငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ တုံ့ပြန်မှုပုံစံ (Feedback Form)

လူကြီးမင်း၏တုံ့ပြန်မှုသည် မြန်မာနိုင်ငံငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အတွက် တန်ဖိုးရှိပါသည်။ မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် သတင်းအချက်အလက်တုံ့ပြန်မှုပေးသည့် အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်မှုတိုးတက်စေရန်အတွက် အောက်ဖော်ပြပါအချက်အလက်များကို သိရှိလိုပါသည်-

(၁) မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှပေးသည့် သတင်းအချက်အလက် အသုံးဝင်မှုအတွက် အောက်ဖော်ပြပါအချက်များအနက် တစ်ချက်ကို ရွေးချယ်ပါ-

(က) လက်ရှိအချိန်တွင် အသုံးပြုနိုင်ခြင်းမရှိပါ။

(ခ) သတင်းအချက်အလက်အသစ်ရရှိရန်အတွက် အထောက်အကူဖြစ်ပါသည်။

(ဂ) ယခင်သိရှိပြီးသားသတင်းများကို အတည်ပြုနိုင်ပါသည်။

(ဃ) စိစစ်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းအား ထပ်မံတိုးချဲ့နိုင်ပါသည်။

(င) အခြား (ဖော်ပြရန်ရှိပါက ဖော်ပြပေးပါရန်)

____________________________________________

____________________________________________

(၂) မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ပေးပို့သည့် သတင်းအချက်အလက်များအား အခြားသက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေရန် သဘောတူညီတောင်းခံလိုခြင်း ရှိ/မရှိ။

(က) ဖြန့်ဝေလိုပါသည်။

(ခ) မဖြန့်ဝေလိုပါ။

(အခြားသက်ဆိုင်ရာအဖွဲ့အစည်းများသို့ဖြန့်ဝေပါက အဆိုပါအဖွဲ့အစည်းများ၏ တုန့်ပြန်မှုကိုပါ ဖော်ပြပေးပါရန်)

____________________________________________

____________________________________________

(၃) မြန်မာနိုင်ငံ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ပေးပို့သည့် သတင်းအချက်အလက်များသည် ခြုံငုံသုံးသပ်ချက်အရ အသုံးဝင်မှုရှိပါသလား။

(က) အသုံးဝင်မှုရှိပါသည်။

(ခ) အသုံးဝင်မှုမရှိပါ။

(၄) အခြားဖော်ပြလိုသည့်အချက်များရှိပါက ဖော်ပြပေးပါရန်။

________________________________________________

________________________________________________

အမည် ______________________

ရာထူး/အဆင့် ______________________

Email ______________________

တယ်လီဖုန်း ______________________

လက်မှတ် ______________________

ရက်စွဲ ______________________

(Feedback Form အား ပြည့်စုံစွာဖြည့်စွက်၍ relation@myanmarfiu.com သို့ ပေးပို့ပါရန်နှင့် hard copy အား ဖက်စ် +(၆၇)၃၄၁၂xxx သို့ ပေးပို့နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။)